သင်ယူရေး
စာစောင်
၁၈

# တရားစွဲဆိုခြင်း



တရားစွဲဆိုမှုများသည် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု၏ နောက်ထပ် အစိတ်အပိုင်း (သို့မဟုတ် မဏ္ဍိုင်) တစ်ခု ဖြစ်ပါသည်။ ‘တရားစွဲဆိုမှုများ’ ဟူသော ဝေါဟာရသည် ပုံမှန်အားဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ သို့မဟုတ် အခြား ရာဇဝတ်မှုများအတွက် တာဝန်ရှိသည်ဟု စွပ်စွဲခံရသူများကို ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများကို ရည်ညွှန်းပါသည်။ တရားစွဲဆိုမှုများသည် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှုအပေါ် အာရုံစိုက်ပါသည်။ ဆိုလိုသည်မှာ လူတစ်ဦးက ၎င်းကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တာဝန်ခံမှုကို အာရုံစိုက်သည်။ အစုအပြုံလိုက် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဆိုင်သည့်အခြေအနေတွင် တရားစွဲအရာရှိများသည် ချိုးဖောက်မှုများအတွက် တာဝန်အရှိဆုံးဟု ယူဆခံရသူအား (ဥပမာ - တပ်မှူးများ၊ ပိုမိုရာထူးကြီးသည့် နိုင်ငံရေး သို့မဟုတ် စစ်ရေးဆိုင်ရာ အရာရှိများ၊ အမိန့်ပေးသူများ သို့မဟုတ် လူ့အခွင့်အရေး ချိုးဖောက်မှု များပါဝင်သည့် အစီအစဉ်များအား စနစ်တကျရေးဆွဲခဲ့သူများ စသည်တို့) စုံစမ်းစစ်ဆေး၊ တရားရုံးတင်ရန် အလေးပေး ဆောင်ရွက်သည်။ တရားစွဲဆိုမှုများသည် ကျူးလွန်ခံရသူများ၏ ဂုဏ်သိက္ခာအား ပြန်လည်ထူထောင်ရန် အကူအညီပေးပြီး အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်အစဉ်အလာအား တိုက်ဖျက်ခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးအပေါ် ပြည်သူလူထု၏ ယုံကြည်မှု ပြန်လည်ရရှိရန် အထောက်အကူ ပြုပေးနိုင်ပါသည်။

မကြာသေးသည့် နှစ်များအတွင်း  အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု၏ တရားစွဲဆိုမှု အပိုင်းတွင် အပြစ်ကျူးလွန်သူများအား တာဝန်ခံလာစေရန် အထောက်အကူပြုသည့် တရားရေးဆိုင်ရာ ဆောင်ရွက်ချက် ပုံစံအမျိုးမျိုး သို့မဟုတ် တရားစွဲဆိုခြင်း ပုံစံအမျိုးမျိုး ပါဝင်သည်ဟု နားလည်ခဲ့ကြပါသည်။ ယခုအချိန်တွင် နိုင်ငံများက အာမခံသဘောတူထားသည့် စာချုပ်များတွင် (လူမျိုးတုံးသတ်ဖြတ်မှုနှင့်ဆိုင်သည့် ရာဇဝတ်မှုကို (မဖြစ်ပွားအောင်) ကာကွယ်ခြင်းနှင့် အပြစ်ပေးခြင်းဆိုင်ရာ သဘောတူစာချုပ်နှင့် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်အခြားသော ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်မှု (သို့) ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုအား ဆန့်ကျင်သည့် သဘောတူစာချုပ် ကဲ့သို့သော စာချုပ်များ) ပါဝင်သည့် လူ့အခွင့်ရေးဆိုင်ရာ တာဝန်ဝတ္တရားများအား ချိုးဖောက်မှုများ အတွက် တာဝန်ခံရန် နိုင်ငံတော်ကို တရားစွဲဆိုသည့် အမှုများကိုလည်း တရားစွဲဆိုခြင်းတွင် ထည့်သွင်းလာကြသည်။

ထို့အပြင် ချိုးဖောက်မှုများ ဖြစ်ပွားပြီးသည်နှင့်ချက်ချင်း လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်သူများအား တရားစွဲရန် အမြဲတစေ မဖြစ်နိုင်သောကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှု စွပ်စွဲချက်များအား စုံစမ်းစစ်ဆေးခြင်း၊ သက်သေခံ အထောက်အထားများအား ထိန်းသိမ်းထားခြင်း၊ ကျူးလွန်သူ တစ်ဦးချင်းစီကို တရားစွဲဆိုရာတွင် အသုံးပြုမည့် အမှုတွဲမှတ်တမ်းဖိုင်များအား ပြင်ဆင်ပြုစုခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် လုပ်ငန်းယန္တရားများအား ဖန်တီးခဲ့ကြသည်။ အမှုတွဲဖိုင်တစ်ခု ပြင်ဆင်ပြုစုထားပြီးသော ကျူးလွန်သူတစ်ဦးအား တရားစွဲဆိုရန် အခွင့်ပေးသည့်အခါ အမှုတွဲဖိုင်အား တရားစွဲအရာရှိကို ပေးပို့တင်သွင်းမည်ဖြစ်သည်။ ဆီးရီးယားနိုင်ငံဆိုင်ရာ နိုင်ငံတကာ ဘက်မလိုက်သော၊ လွတ်လပ်သည့်ယန္တရား (IIIM) နှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရား(IIMM) တို့သည် စုံစမ်းစစ်ဆေးရေး ယန္တရားများ၏ ဥပမာနှစ်ခုဖြစ်ပြီး ၎င်းတို့ကို တရားစွဲဆိုမှု၏ မဏ္ဍိုင်အစိတ်အပိုင်းများအဖြစ် ယေဘုယျအားဖြင့် သတ်မှတ်ထားကြသည်။

## တရားစွဲဆိုမှုများ၏ ရည်ရွယ်ချက်များမှာ အဘယ်နည်း။

တရားစွဲဆိုမှုများတွင် ရည်ရွယ်ချက်များ များစွာရှိပါသည်။ တရားစွဲဆိုမှုများသည်
– ချိုးဖောက်မှုများအတွက် တာဝန်ရှိသူများကို အပြစ်ပေးခြင်းအားဖြင့်လည်းကောင်း၊ ကျူးလွန်ခံရသူများ ကြုံတွေ့ခဲ့ရသည့် ဒုက္ခဆင်းရဲများအား အသိအမှတ်ပြုခြင်းအားဖြင့်လည်းကောင်း၊ ကျူးလွန်ခံရသူများ၏ တရားမျှတမှု တောင်းဆိုချက်များအား အရေးယူဆောင်ရွက်သည်။

– ကျူးလွန်ခံရသူများအား ပြန်လည်ကုစားပေးရန် ဥပဒေပိုင်းဆိုင်ရာ တာဝန်ဝတ္တရားများအား ဖြည့်ဆည်းဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကိုထိန်းသိမ်းသည်။
– ကျူးလွန်ချိုးဖောက်မှုများနှင့် အပြစ်ပေးခံရမှုမှ ကင်းလွတ်ခွင့် အစဉ်အလာအား ရှုံ့ချအရေးယူသည်။ တရားမျှတ၍ တိကျမှန်ကန်သော (ဓမ္မဓိဋ္ဌာန်ကျသော) လုပ်ငန်းစဉ်တစ်ခု ဖြစ်ရန် အာမခံသည်။ (ချိုးဖောက်ကျူးလွန်မှုများ မဖြစ်ပွားအောင်) အဟန့်အတားတစ်ခုအဖြစ် တာဝန်ထမ်းဆောင်သည်။
– အစုအဖွဲ့လိုက် စုပေါင်းအပြစ်ရှိသည်ဟု သုံးသပ်ချက်ထက် ပုဂ္ဂိုလ်တစ်ဦးချင်း၏ တာဝန်ရှိမှုကို ဆုံးဖြတ်သည်။
– တိကျသော သမိုင်းမှတ်တမ်းတစ်ခုအား ဖော်ထုတ်ပြုစုပြီး ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်များနှင့် အဘယ်ကြောင့် ဖြစ်ရသည်ဆိုသည့် အကြောင်းရင်းများကို ထုတ်ဖော်ပြသသည်။
– လူမှုရေးဆိုင်ရာ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးမှုရေးတို့ ပေါ်ထွန်းလာသည့် နိုင်ငံတစ်နိုင်ငံ၏ ဘဝစာမျက်နှာသစ်ကို ဖွင့်လှစ်ကြောင်း သမိုင်းမော်ကွန်းရေးထိုးသည်။

## တရားစွဲဆိုမှုများ၏ မတူကွဲပြားသောယန္တရားများမှာ အဘယ်နည်း။

တရားစွဲဆိုမှုများအား အပြည်ပြည်ဆိုင်ရာ တရားရုံးများ၊ ပြည်တွင်းတရားရုံးများ သို့မဟုတ် ပူးတွဲ/ ဖက်စပ်တရားရုံးများတွင် ဆောင်ရွက်ကြသည်။

### ၁ နိုင်ငံတကာတရားရုံးများ

နိုင်ငံတကာတရားရုံးများသည် အရေးပေါ်အခြေအနေအရ ဖွဲ့စည်းသည့် အထူးတရားရုံး သို့မဟုတ် အမြဲတမ်းတရားရုံး စသည့် ပုံစံနှစ်မျိုးအနက်မှ ပုံစံတစ်မျိုးအနေဖြင့် ဖွဲ့စည်းကြသည်။ အစုအပြုံလိုက် လူ့အခွင့်အရေးချိုးဖောက်မှု အစီရင်ခံချက်များအား အရေးယူဆောင်ရွက်ချက်တစ်ခုအဖြစ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာ အထူးရာဇဝတ်ခုံရုံးနှစ်ခုကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ယူဂိုဆလားဗီးယားနိုင်ငံ ပြိုကွဲမှုအတွင်း ဥပဒေမဲ့ချိုးဖောက်မှုများအား ဖြေရှင်းရန်အတွက် ယခင်ယူဂိုဆလားဗီးယားနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICTY) ကို တည်ထောင်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ကုလသမဂ္ဂလုံခြုံရေး ကောင်စီက ရဝမ်ဒါနိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် ၁၉၉၄ ခုနှစ် လူမျိုးတုံးသတ်ဖြတ်မှု အတွက် တာဝန်ရှိသူများအား တရားစွဲဆိုရန်အတွက် ရဝမ်ဒါနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (International Criminal Tribunal for Rwanda (ICTR)) ကို တည်ထောင်ခဲ့သည်။ ယာယီ အထူးခုံရုံးများ၏ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများက အမြဲတမ်းခုံရုံးဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) ပေါ်ပေါက်ရေးအတွက် အခြေခံ အုတ်မြစ်ချပေးခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် တရားရုံးကို စတင်တည်ထောင်သောစာချုပ်ဖြစ်သည့် ရောမစာချုပ် (Rome Statute) အား နိုင်ငံပေါင်း (၁၂၀) က လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၀၂ ခုနှစ် အရောက်တွင် နိုင်ငံပေါင်း ၆၀ ၏ အတည်ပြုချက်ရရှိခဲ့ပြီးနောက် ရောမစာချုပ် အသက်ဝင်လာပြီး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) ကို တရားဝင်တည် ထောင်ခဲ့သည်။ တရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးနိုင်ရန်အတွက် ရောမစာချုပ်က အပြင်းထန်ဆုံးသော နိုင်ငံတကာလူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် လူသားချင်း စာနာထောက်ထားသည့် ဥပဒေကို ချိုးဖောက်ခြင်းရာဇဝတ်မှုများကို  သတ်မှတ်ပြဋ္ဌာန်းထားသည်။ (မှတ်ချက်-ဆိုလိုသည်မှာ ICC က တရားစီရင်ပိုင်ခွင့်ရှိသော အပြင်းထန်ဆုံး လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် လူသားချင်းစာနာထောက်ထားမှု ဥပဒေကို ချိုးဖောက်မှုများကို ရောမစာချုပ်တွင် ပြဋ္ဌာန်းသတ်မှတ်ထားသည်။) ထိုချိုးဖောက်မှုများအား လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် ရန်စကျူးကျော်သည့် ရာဇဝတ်မှုစသည်ဖြင့် အုပ်စုများခွဲထားသည်။

### ၂ ပြည်တွင်းတရားရုံးများ

ပြည်တွင်းတရားရုံးများကို နိုင်ငံတစ်ခု၏ ပြည်တွင်းတရားစီရင်ရေးစနစ်ဖြင့် ဖွဲ့စည်းထားပါသည်။ အတိတ်က လူ့အခွင့်အရေးချိုးဖောက်မှုများအား တရားစွဲဆိုရန်အတွက် ပြည်တွင်းတရားရုံးများကို ပိုမိုသင့်တော်သောနေရာအဖြစ်လူအများကရှုမြင်ကြသည်။ အဘယ်ကြောင့်ဆိုသော် ပြည်တွင်းတရားစီရင်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခြေအနေအတွင်း နိုင်ငံတော်၏ ဥပဒေကိုထိရောက်စွာ ကျင့်သုံးနိုင်မှုကို ပြည်တွင်း တရားရုံးများက ပြသသောကြောင့် ဖြစ်သည်။ ဥပဒေချိုးဖောက်မှုများ ဖြစ်ပွားခဲ့သည့် နိုင်ငံ၌ ရုံးတင်စစ်ဆေးခြင်းသည် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ပူးတွဲတရားရုံးများတွင် စစ်ဆေးခြင်းထက် ပိုမိုလွယ်ကူပြီး ထိရောက်အကျိုးဖြစ်ထွန်းကြောင်း သက်သေပြနိုင်သည်။

### ၃ ရောနှော သို့မဟုတ် ပူးတွဲတရားရုံးများ

နိုင်ငံတကာရာဇဝတ်မှုများအတွက် တရားစွဲဆိုမှုများအား ရာဇဝတ်မှုများ ဖြစ်ပွားသည့် လူ့အဖွဲ့အစည်းအတွင်း ဆောင်ရွက်သောအခါ အကျိုးသက်ရောက် ထိရောက်မှု ပိုမိုများနိုင်သည်။ သို့သော်လည်း ပဋိပက္ခအလွန် ထွက်ပေါ်လာသော လူ့အဖွဲ့အစည်းများ သို့မဟုတ် အသွင်ကူးပြောင်းမှု ဆောင်ရွက်နေဆဲ လူ့အဖွဲ့အစည်းများတွင် ထိုရာဇဝတ်မှုများကို တရားစွဲဆိုရန် လိုအပ်သော နိုင်ငံရေးဆန္ဒမရှိခြင်း သို့မဟုတ် အရင်းအမြစ်များ မရှိခြင်းနှင့် တရားစီရင်ရေး စနစ်များသည်လည်း ကစဉ့်ကလျားဖရိုဖရဲဖြစ်ခြင်းတို့ ကြုံတွေ့ရတတ်သည် ။ သာမန်ရာဇဝတ်မှုများ အဓိကဖြေရှင်းပေးနေသည့် ခေတ်မှီတရားစီရင်ရေးစနစ်များသည်ပင်လျှင် နိုင်ငံတကာရာဇဝတ်မှုများအား ထိရောက်စွာကိုင်တွယ်ရန် စွမ်းဆောင်ရည် ကင်းမဲ့နေတတ်သည်။ ဤပြဿနာများအား ဖြေရှင်းနိုင်ရန်အတွက် ကမ္ဘာ့အခြားနေရာများမှ လက်တွေ့အတွေ့အကြုံကောင်းများ ရရှိထားသည့် နိုင်ငံတကာအကူအညီ လိုအပ်နိုင်သည်။ ဥပမာအားဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းတရားစီရင်ရေး ဆောင်ရွက်သူများ ပူးပေါင်းပါဝင်သည့် 'ပူးတွဲ' တရားရုံးများ (သို့) ခုံရုံးများ မှတဆင့် အကူအညီပေးခြင်း။  ပူးတွဲတရားရုံးများ၏ သာဓကအချို့မှာ ဆီယာရာလီယွန်နိုင်ငံဆိုင်ရာ အထူးတရားရုံး (Special Court for Sierra Leone)၊ အရှေ့တီမောနိုင်ငံ၏ ပြင်းထန်ဆိုးရွားသော ရာဇဝတ်မှုများအတွက် အထူးကော်မရှင် (Special Panels for Serious Crimes in East Timor) နှင့် ကမ္ဘောဒီးယားနိုင်ငံမှ အထူးတရားရုံးများ (Extraordinary Chambers in Courts of Cambodia) တို့ ဖြစ်ပါသည်။

### ၄ အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်

အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်ဆိုသည်မှာ ရာဇဝတ်မှု (သီးသန့် သတ်မှတ်ထားသော ရာဇဝတ်မှုအမျိုးအစား) သည် မည်သည့်နေရာတွင် ဖြစ်ပွားခဲ့သည်ဖြစ်စေ သို့မဟုတ် ပါဝင်ပတ်သက်သူများသည် နိုင်ငံသားဟုတ်သည်ဖြစ်စေ/ မဟုတ်သည်ပင်ဖြစ်စေ နိုင်ငံတစ်နိုင်ငံကို ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုစီရင်ဆောင်ရွက်ပိုင်ခွင့်ပေးသည့် ဥပဒေဆိုင်ရာမူ (သဘောတရား) တစ်ခု ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်၏ သဘောတရားမူအရ အချို့သော ရာဇဝတ်မှုများသည် ကမ်းကုန်အောင် ဆိုးရွားပြင်းထန်လွန်းသဖြင့် နိုင်ငံတကာအသိုက်အဝန်း တစ်ခုလုံးအပေါ် ကျူးလွန်သော ရာဇဝတ်မှုအဖြစ် အသိအမှတ်ပြုသည်။ ထို့ကြောင့် လူသားအားလုံးနှင့်သက်ဆိုင်သည်ဟု မှတ်ယူကြသည်။ အချို့သော အခြေအနေများတွင် ဤတရားစွဲဆိုမှုများသည် တာဝန်ယူမှုကိုမြှင့်တင်ရန် တစ်ခုတည်းသော အခွင့်အလမ်း ဖြစ်ပါလိမ့်မည်။ ဥရောပနိုင်ငံအတော်များများသည် ၎င်းတို့၏ ဇာတိနိုင်ငံတွင် နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်မှုအတွက် တာဝန်ရှိသည်ဟု စွပ်စွဲခံရသော နိုင်ငံခြားသားများအား အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်အမှုများဖြင့် အမှုဖွင့် တရားစွဲဆိုခဲ့ကြသည်။ ဖြစ်ရပ်အများစုတွင် လူ့အခွင့်အရေးဆောင်ရွက်နေသည့် အရပ်ဖက်အဖွဲ့အစည်းများနှင့် ချိုးဖောက်မှုဖြစ်ပွားသည့် နိုင်ငံများမှ ကျူးလွန်ခံရသူအစုအဖွဲ့များ၏

အကူအညီဖြင့် သို့မဟုတ် ဖိအားများဖြင့် အစိုးရရှေ့နေများ သို့မဟုတ် စုံစမ်းစစ်ဆေးရေး တရားသူကြီးများသည် အမှုဖွင့် တရားစွဲဆို စစ်ဆေးမှုများ စတင်ကြသည်။ ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ ယူနိုက်တက်ကင်းဒမ်း (the United Kingdom)၊ စပိန်၊ အာဂျင်တီးနားနှင့် သြစတြေးလျ စသည့်နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်အား ကျင့်သုံး၍ တရားစွဲဆိုမှုများဆောင်ရွက်ခဲ့သည်။

## အမှန်တရားကော်မရှင်များနှင့် တရားစွဲဆိုမှုများအကြား မည်ကဲ့သို့ဆက်သွယ်ဆောင်ရွက်သနည်း။

အမှန်တရားကော်မရှင် တာဝန်ထမ်းဆောင်ဆဲ ကာလ၊ တာဝန်ပြီးဆုံးပြီးနောက် ချက်ချင်း သို့မဟုတ် နှစ်ပေါင်းများစွာ ကြာမြင့်ပြီးသည့်တိုင်အောင် ကော်မရှင်မှ စုဆောင်းပြုစုထားသည့် သတင်းအချက်အလက်များသည် တရားစွဲဆိုထားသည့် အမှုများအတွက် စုံစမ်းစစ်ဆေးရေးတွင် အထောက်အကူပြု အသုံးဝင်ပါသည်။ ယေဘုယျအားဖြင့် အမှန်တရားကော်မရှင်ကို တရားစီရင်ရေး ဆောင်ရွက်ချက်အား ပိုမိုထိရောက်အောင် အထောက်အကူပြု ဖြည့်ဆည်းပေးသည့် အဖွဲ့အဖြစ် ရှုမြင်သင့်သည်။ တရားစွဲဆိုမှုများ ချက်ချင်းမဆောင်ရွက်နိုင်သည့်တိုင် အမှန်တရားကော်မရှင်များသည် နောင်တွင် တရားစွဲဆိုမှုများ ဖြစ်လာနိုင်ခြေရှိသည်ကို သတိပြုဆင်ခြင်နှလုံးသွင်း၍ ၎င်းတို့၏ လုပ်ငန်းများအား ဆောင်ရွက်ရန် အရေးကြီးသည်။ တရားစွဲဆိုမှုများ နောက်ဆုံးတွင် အမှန်တစ်ကယ် ဖြစ်ပေါ်လာခဲ့သည့်အခါ အမှန်တရားကော်မရှင်၏ အစီရင်ခံစာနှင့် ၎င်း၏အခြားမှတ်တမ်းများသည် (အမှုကို) အထောက်အမပြုထောက်ပံ့ပေးသော ထောက်တိုင်များအဖြစ် နှင့်/သို့မဟုတ် မျက်မြင်သက်သေများကို ညွှန်ပြထုတ်ဖော်ရန် အမှီပြုခံရနိုင်သည်။ အမှန်တရားကော်မရှင်၏ အစီရင်ခံစာသည် ကျူးလွန်သူများအား အတိအကျမညွှန်ပြသည့်တိုင် ကော်မရှင်၏ အချက်အလက်များသည် ချိုးဖောက်မှုပုံသဏ္ဍာန်များ၊ အဖွဲ့အစည်းဆိုင်ရာ ပါဝင်ပတ်သက်မှုနှင့်/သို့မဟုတ် အမိန့်ပေးကွပ်ကဲမှုအဆင့်ဆင့်အား ထင်ပေါ်လာအောင်ပြသခြင်းနှင့် နိုင်ငံရေး (သို့) စစ်ဘက်အဖွဲ့အစည်းများ၏ ထိပ်ဆုံးမှတာဝန်ရှိသူများအား ဖော်ထုတ်နိုင်သည်။